# ဗိုလ်ချုပ်မန်းကျော်ဗေ

## ကိုယ်တိုင်ရေး ကိုယ်တိုင်ပြော ပုံရိပ်တချို့



Complimentary Copy

# ဗိုလ်ချုပ်မန်းကျော်မေ
# ကိုယ်တိုင်ရေး ကိုယ်တိုင်ပြော ပုံရိပ်တချို့

# စီစဉ်ထုတ်ဝေသူတို့ ရည်ရွယ်ချက်

ကရင်အမျိုးသားခေါင်းဆောင်တစ်ဦး၏ ဘဝကောက်ကြောင်းကို စုစည်းထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်က လေးစားဂုဏ်ယူထိုက်သော၊ သမိုင်းတန်ဖိုးကြီးသော ခေါင်းဆောင်ကို ကရင်လူထုများ သိရှိနိုင်ရေးအတွက်ပင် ဖြစ်သည်။

ခေါင်းဆောင်တစ်ယောက်၏ ဘဝဖြတ်သန်းမှုသည် သာမန်လူတွေထက် ထူးဆန်းအံ့သြစရာကောင်းသည်ကို ချပြချင်သည်လည်း ပါသည်။

ကရင်အမျိုးသား စာဖတ်ပရိသတ်များသည် မိမိလူမျိုး ဘဝအမှန်ကို သိရှိနိုင်ရန် လူမျိုးခေါင်းဆောင်များ၏ ဘဝပုံရိပ်တွေကို တစ်လွှာချင်း၊ တစ်ထပ်ချင်း၊ တစ်ယောက်ချင်း လေ့လာထားရန် လိုပါလိမ့်မည်။

သို့မှသာ မည်သည့်ခေါင်းဆောင်က မည်သို့ပေးဆပ်ခဲ့သည်ကို ပေါ်လွင်လာမည်။ တော်လှန်ရေးနှင့် ဆက်စပ်၍လည်း ဆန့်ထုတ် တွေးလာနိုင်လိမ့်မည်။ တော်လှန်ရေးသဘောတရားကို အနည်းအကျဉ်း သိထားမှလည်း တော်လှန်ရေးသမားတွေကို အသိအမှတ်ပြုရကောင်းမှန်း သိလာမည်။

ထို့ကြောင့် ဆောင်းပါးရှင် စောယောင့်သာအဲဆန်နှင့် ခိုင်မာကျော်ဇော တို့နှစ်ဦး ပြုစုထားသည့် ကရင့်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်မန်းကျော်ဖေ အကြောင်း ဆောင်းပါးနှစ်ပုဒ်ကို ကရင်အမျိုးသားစာဖတ်ပရိသတ်များ လေ့လာဖတ်ရှု သိရှိနိုင်ရန် စီစဉ်ထုတ်ဝေပေးလိုက်ရပါသည်။

ဖော့ကော်ကေ စာပေအင်အားစု

ဝင်းရော်ဒေသ



| | |
|---|---|
| အမည် | မန်းကျော်ဖေ |
| ငယ်နာမည် | စောဖေ |
| အဘအမည် | မန်းအကျော် |
| အမိအမည် | နော်မယာ |
| မွေးသက္ကရာဇ် | ၁၃၀၂ ခုနှစ် ဝါဆိုလဆန်း ၁ ရက် (4 JULY 1940) |
| မွေးရာဇာတိ | လာ့ခဍာကျေးရွာ၊ ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင်၊ (ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်) |
| ပညာစသင် | လာ့ခဍာ ခုံဘမ်း ဘုန်းကြီးကျောင်း |
| တော်လှန်ရေးထဲ ဝင်ရောက်သည့်နှစ် | ၁၉၆၁ ခုနှစ် |
| နောက်ဆုံးရာထူးတာဝန် | ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် ဦးစီးချုပ် |

# ဗိုလ်ချုပ်မန်းကျော်ဖေ ကိုယ်တိုင်ရေး မှတ်တမ်းတချို့

လာ့ခဘာ(လာ့ဒ္ဓာ) လှာကဒါ ရွာအကြောင်း မှတ်တမ်းတင်တော့မည်ဆိုလျှင် ရွာ၏ ဖြစ်စဉ်အားလုံး မည်မျှပြည့်စုံစေကာမူ ရွာ၌မွေးပြီး ဆိုင်ရာဆိုင်ရာကဏ္ဍများတွင် ထူးချွန်ထက်မြက်သော အထင်ကရ ပုဂ္ဂိုလ်များ အကြောင်းကိုလည်း ပါရတော့မည်။ အထင်ကရ ပုဂ္ဂိုလ်များထဲမှ ရှားရှားပါးပါး ကရင့်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်မန်းကျော်ဖေအကြောင်း မပါလျှင် ကွက်လပ်တစ်ခုကို လျစ်လျူရှုရာ ရောက်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

သို့အတွက် ဤစာအုပ်တွင် မှတ်တမ်းပြည့်စုံသည့်ထက် ပြည့်စုံသွားအောင် လာ့ခဘာဇာတိသား (ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား ကာကွယ်ရေး တပ်မတော်) ဗိုလ်ချုပ်မန်းကျော်ဖေအကြောင်း ရနိုင်သမျှရအောင် နီးစပ်ရာ မိသားစုများထံ ဆက်သွယ်မေးမြန်းဖြစ်သည်။ သို့သော် ဌာနတာဝန်နှင့် ပတ်သက်၍ ခိုင်မာသော မှတ်တမ်းအချက်အလက်တွေ မရရှိဘဲ နှုတ်ပြောစကားဖြင့် ဟိုနည်းနည်း သည်နည်းနည်း အလွတ်သဘောသာသိရှိရပါသည်။ ဆက်လက်စုဆောင်း မှတ်တမ်းတင်ထားရန် ကြိုးစားပါသေးသည်။ အခြေအနေနှင့်အချိန်အခါကြောင့် ဗိုလ်ချုပ်မန်းကျော်ဖေ၏ ဘဝကောက်ကြောင်းကို ယနေ့အထိ ပုံမဖော်နိုင်ခဲ့သေးပေ။

စစ်ရေးနိုင်ငံရေး အခြေအနေအရ လူထုနှင့်ထိတွေ့ ဆက်ဆံမှု အားနည်း၍လော၊ မှတ်တမ်းမှတ်ရာ အားနည်း၍လော၊ ဗိုလ်ချုပ်မန်းကျော်ဖေသည် လာ့ခဘာ (လှာကဒါ) ရွာသားဖြစ်မှန်းတောင် လူတော်တော်များများ မသိကြချေ။ ဆွေမျိုးအသိုင်းအဝိုင်းနှင့် ရွာခံလောက်သာ သိကောင်းသိမည်။ တပ်မဟာ (၆) ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ ဝင်းရော်ဒေသခံများက ဗိုလ်ချုပ်မန်းကျော်ဖေကို အသိနည်းသည်။

ဗိုလ်ချုပ်မန်းကျော်ဖေ၏ ဘဝဖြတ်သန်းမှု၊ ကရင့်တော်လှန်ရေးအပေါ် ဆုံးခန်းတိုင် သစ္စာရှိမှု၊ ကရင်အမျိုးသား လွတ်မြောက်ရေးအတွက် ပေးဆပ်မှု... စသည့် လုပ်ဆောင်ချက်များနှင့် ဘဝဇာတ်ကြောင်းများကို ဒေသခံများ သိရှိအတုယူလေးစားဂုဏ်ယူ နိုင်ရေးအတွက် စာတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းတင်ထားရန် ဆန္ဒရှိခဲ့သော်လည်း အကြောင်းကြောင်းကြောင့် အကောင်အထည် မဖော်နိုင်ခဲ့သေးပေ။ ဗိုလ်ချုပ်မန်းကျော်ဖေ မဆုံးခင် ကိုယ်တိုင်ရေးထားခဲ့သော မှတ်တမ်းတချို့ကိုတော့ မိသားစုဆီကတစ်ဆင့် လက်ခံရရှိထားပါသည်။ ဘဝဖြတ်သန်းမှု၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သည်။ ထပ်တူဆင့်ပွား တွေးထုတ်နိုင်ရေးအတွက် ပြန်ဖော်ပြပေးရလျှင်...

# ဂျပန်ခေတ်နှင့် မိမိဘဝအစ

ကျနော်သည် မန်းကျော်ဖေ (ခေါ်) ငယ်နာမည် စောဖေဖြစ်သည်။ (၁၃၀၂) ခုနှစ် ဝါဆိုလဆန်း (၁)ရက်နေ့ (1940, July 4 ရက်နေ့) အဘမောင်အကျော် အမိ နော်မယာတို့၏ မွေးချင်း (၉)ယောက်အနက် (၇)ယောက်မြောက်ဖြစ်ပြီး ကြာအင်း ဆိပ်ကြီးမြို့နယ်၊ ဆိပ်ကလေးကျေးရွာအုပ်စု၊ လှာကဒါကျေးရွာတွင် မွေးဖွားခဲ့သည်။

ထိုခေတ်အခါသည် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်ခေတ်အကြိုဖြစ်၍ ကျနော် (၁)နှစ်သားအရွယ်တွင် ဖက်ဆစ်ဂျပန်များ ဗမာပြည်အတွင်းသို့ တိုက်ခိုက် ချည်းနင်း ဝင်ရောက်အုပ်စိုးသော အချိန်ကာလ ဖြစ်ခြင်းကြောင့် ၎င်းဒုတိယကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယ ထူပေါခြင်း လူဆိုးသူမိုက်များ ထကြွသောင်းကျန်းခြင်းနှင့် ဂျပန်ဖက်ဆစ်များ မတရား အုပ်ချုပ် အနိုင်ကျင့်မှုအောက် ကျီးလန့်စာစား ပြုသမျှခါးစည်းခံကြရသော ဗမာပြည်ရှိ ပြည်သူ လူထုများအနက် ကျနော်သည်လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် နေ့စဉ်နှင့်အမျှ ကြားကြရသည့် သမိုင်းဆိုးများမှာ ဘီအိုင် အေ တပ်များက ကရင်ရွာထဲဝင်ပြီး မီးရှို့လူသတ်သွားသည်ဆိုခြင်း၊ ကရင်ရွာ အချို့ ရွာလုံးကျွတ် သတ်သွားသည်ဆိုခြင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ကရင်-ဗမာ အဓိကရုဏ်းဖြစ်ပြီး ဗမာက ကရင်လူမျိုးများကို အစိတ်သားမချန် လိုက်သတ်နေ သည် ဟုဆိုခြင်း၊ ဂျပန်စစ်သားများက ကရင်လူမျိုးအချို့ကို အင်္ဂလိပ်သူလျှိုဆိုပြီး သတ်ဖြတ် နေသည်ဆိုခြင်းပင် ဖြစ်သည်။

တောမီးလောင် တောကြောင် လက်ခမောင်းခတ် လူဆိုးသူခိုးဂိုဏ်းများ သူ့ထက်ငါ အားပြိုင် လုယက်တိုက်ခိုက်ကြတဲ့ ခေတ်ဆိုးကြီးမှာလူဖြစ်၊ ပုန်းအောင်း ကြီးပြင်းလာခဲ့ရတဲ့ ဘဝကို မိဘများ ပုံပြောသလို ပြန်လည်ပြောပြသည်မှာ ရင်နာစရာ ပင် ဖြစ်ချေတော့သည်။

*ဗိုလ်ချုပ်မန်းကျော်ဖေသည် သူ၏သိတတ်စ အရွယ်နှင့် ပတ်သက်၍ ရေးသား မှတ်သားချက်များကို လွမ်းမောဖွယ်ရာထက် လူသားတစ်ဦး၏ ဖြတ်သန်းမှု အစစ်အမှန် ကို ပေါ်လွင်စေပါသည်။ သူ၏ တင်ပြမှုများသည် တကယ့် သက်ရှိ လှုပ်ရှားမှု တစ်ခုကဲ့သို့ မြင်ယောင်နေရသည်။ အထူးသဖြင့် သူ့မိခင်၏ ကျောင်းကြို ကျောင်းပို့ သူ့မိခင်က ခုံဘမ်း အင်းကြီးကို လှေတစ်စင်းနှင့် ကိုယ်တိုင် လှော်ဖြတ်ကာ သူ့ကိုကျောင်းပို့ အပ်နံ့သောပုံရိပ်၊ ငယ်ဆရာ ဘုန်းကြီးဦးဥက္ကံသနှင့် ဦးပဏ္ဍိစ္စတို့ ပုံရိပ်ကိုလည်း ခြယ်မှုန်းထားသေးသည်ကို တွေ့ရသည်။*

# မိမိသိတတ်စအရွယ်၏ ဘဝနိဒါန်း

လူဆိုးသူခိုးများ အုပ်စုဖွဲ့ ဆိုးသွမ်းတိုက်ခိုက်နေကြတဲ့ ကာလမှာ သူရဲကောင်း သတ္တိခဲအဖြစ် ပေါ်ပေါက်လာသူမှာ ခုံဘမ်းကျောင်း ဘုန်းကြီးမောင်နဲပုံး (ခေါ်) ဦးဥက္ကံသ ဖြစ်သည်။ ရွာတွင်းရှိ ကလေးသူငယ်များနှင့်တကွ အနယ်နယ်အရပ်ရပ်ရှိ ကလေးသူငယ်များပါ စုစည်းစာသင်ပေးလျက်ရှိရာ ခုံဘမ်းကျောင်း ဂုဏ်သတင်းသည် ဒေသအတွင်း ပျံ့နှံ့လျက်ရှိသည်။ ထိုစဉ်တွင် ကျနော့်အသက် (၇)နှစ်မျှပင် ဖြစ်သည်။ 1947, July 3 ရက်နေ့ (၁၃၀၉)ခုနှစ် ဝါဆိုလဆုတ် (၁)ရက် ကြာသပတေးနေ့ပင် ဖြစ်၏။

မေမေသည် ပန်းဖယောင်းတိုင်ကိုင်၍ ကျနော်အား ခုံဘမ်းကျောင်း ဆရာတော်ထံ ကျောင်းအပ်သည်။ ခြေမကျိုး၊ လက်မကျိုး ၊ မျက်လုံးမကန်းရင်တော်ပြီလို့ မေမေဆိုသည်။ ထိုစဉ်ဝယ် ကျောင်းအအပ်ခံဆိုပေမယ့် လုံချည်ဟောင်းတစ်ထည်နှင့် အင်္ကျီဟောင်းတစ်ထည်သာ ရှိသည်။ ကျောင်းအိပ်ကျောင်းစား မဟုတ်လို့သာ တော်ပါသေးရဲ့။ မနက်မှာ ခုံဘမ်းတောင်အရှေ့ဘက် လိုင်ဆဲစစ်မှနေ ခုံဘမ်းအင်းကြီးကို ကျော်ဖြတ်ကာ မေမေ လှေနှင့် ကျောင်းပို့သည်။ ညနေ ၄ နာရီ မေမေ လှေနှင့် လာကြိုသည်။ အိမ်အရောက်မှာ ကျနော်သည် အင်္ကျီလုံချည်များကို ကပြာကယာ လျှော်ဖွပ် မီးကင်၊ မနက်ကောက်ဝတ်၊ မေမေက ထုံးစံအတိုင်း လှေနှင့် ကျောင်းပို့၊ မေမေအပြန် မေမေ၏ကျောပြင်ကို မျှော်ရင်းငိုခဲ့ရတဲ့ ရက် မရေတွက်နိုင်သလို ထမင်း မစားရသေးလို့ ကျောင်းနောက်ကျမှာစိုးပြီး ငိုခဲ့ရတဲ့ ရက်တွေလည်း မနည်းပါ။

- ဘူးသီးနနု မခူးရ၊ ငါ၏ဒူးနာ၏

- ဘဦးရေကူးနေသည် ဆေးကုစ၍မရပါ စသည် စသည်ဖြင့် ကလေးဘဝ ဖတ်စာလေးများ ဖတ်လိုက်ရပြန်တော့ ပျော်လိုက်လေခြင်း။

ထို့ကြောင့် ခုံဘမ်းသည်မိမိဘဝ၊ ခုံဘမ်းသည်မိမိမှီခိုရာ၊ ခုံဘမ်းသည်မိမိဘဝတက္ကသိုလ် ဖြစ်ခဲ့ရလေသည်။ မိမိဘဝကို အလှဆင်ပေးခြင်းပေတည်း။ ကျေးဇူးဆပ်လို့မကုန်၊ လှာကဒါခုံဘမ်း ဘုန်းကြီးဦးဥက္ကံသနှင့်အတူ ကျေးဇူးတရားကြီးမားခဲ့သူမှာ တံခွန်တိုင် အရှေ့ကျောင်း ဘုန်းကြီးသောင်ခဲ့ဖါထော့ (ခေါ်) ဦးပဏ္ဍိစ္စပင် ဖြစ်သည်။

မှတ်ချက်။ ။ မည်သို့မည်ပုံ ကျေးဇူးတရားများကြီးခဲ့ပုံကို အကြောင်းညီညွတ်လျှင် အကျယ်တဝင့် ရေးသားတင်ဆက်သွားပါမည်။ သို့သော် ယခုတွင် ဆရာတော်နှစ်ပါး၏ ကျေးဇူးတရားကို အနည်းငယ်ဖော်ပြသွားပါမည်။ ဦးပဏ္ဍိစ္စသည် မျိုးချစ်ဘုန်းကြီးတစ်ပါး ဖြစ်သည်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး တောရော မြို့ပါ အပေါက်အရောက်ရှိသည်။ ထိုစဉ်က မြို့မှ တောသို့ ဓာတ်ခဲတစ်လုံးပင် ယူဆောင်ခွင့် မရှိချိန်

တွင် တံခွန်တိုင်ဘုန်းကြီးသည် စာအုပ်များ၊ ကျောက်တံ၊ ခဲတံ၊ စာအုပ်လွတ် (ဗလာစာအုပ်)၊ ကျောက်သင်ပုန်းများ မိမိတို့ ခုံဘမ်းကျောင်းအတွက် မကြာခဏကူညီပံ့ပိုးခဲ့သည့်အပြင် ခုံဘမ်းသို့ မကြာမကြာကြွပြီး ဆန်အိတ်၊ ဆီပုံးများပါ ကူညီလျက်ရှိသည်။

ကျောင်းရှိ၍ ဆရာမရှိ၊ ဆရာရှိ၍ ကျောင်းမရှိ၊ ကျောင်းရှိသည်၊ ဆရာရှိသည်၊ လုံခြုံမှုမရှိ၍ မသင်ရဲဖြစ်နေချိန် ခုံဘမ်းသည် စာသင်စာချဖြင့် စည်ကားလျက်ရှိပေသည်။ သင်ကြားပို့ချမှုမှာ ဘုန်းတော်ကြီးကျောင်း သင်ရိုးဆိုပေမဲ့ ဦးဖိုးကျား ရေးသားသော ဖတ်စာအုပ်များ၊ ဂဏန်းသင်္ချာများ၊ မြန်မာ့သမိုင်း၊ ကမ္ဘာသမိုင်းစာအုပ်များ၊ ပထဝီ စာအုပ်များပါ အခြေခံသင်ကြားလျက်ရှိရာ စာပေတတ်မြောက်သူ များပြားခဲ့ပါသည်။ ထို့ကြောင့် မိမိဘဝ ရှေ့ခရီးကြမ်းအတွက် ကြီးမားသော အထောက်အကူများစွာ ရခဲ့သည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် အသက် (၁၀)နှစ်ကျော် အရွယ်တွင် ကိုရင်ဝတ်ပြီး အသက် ၁၅၊ ၁၆ အရွယ်တွင် လူဝတ်လဲကာ ကျေးလက်ဒေသအလုပ်ဖြစ်သော အလုပ်ကြမ်းကိုလုပ်ရန် ကြိုးစားသေးသည်။ သူ၏ ဖော်ပြချက်အရ ထိုစဉ်က နေ့စားအလုပ်လုပ်အားခ တစ်နေ့နှစ်ကျပ် ( ၂ ကျပ်) သာရသည်ဟု ဆိုသည်။ ထိုကာလ စပါး တစ်တင်း (၁ တင်း)ဖိုးကလည်း နှစ်ကျပ်ရှိသည်ဟု ဆိုထားပြန်သည်။ ဤကဲ့သို့ အောက်ခြေလူတန်းစား ဘဝကို ဖြတ်သန်းရင်း တစ်နေ့ ကရင့်တော်လှန်ရေး ခေါင်းဆောင်တစ်ဦး၏ အဆိုအမိန့်ကို ကြားမိမှတ်သားမိ၍ မာ့စ်ဝါဒနှင့် ဒီမိုကရေစီ လမ်းစဉ်ကို စတင် လေ့လာမိသည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

## ရှင်သာမဏေ ဘဝသို့

ကျနော်အသက် (၁၃)နှစ်အရွယ် (၁၉၅၃)ခုနှစ်မှာ ကော့လုံဆရာတော် (ထိုစဉ်က လှိုင်ကန္တီ အရှေ့ကျောင်းဆရာတော်)ကို ဥပဇ္ဈယ်ပြုပြီး ရှင်ပဏ္ဍိ ဟူသောဘွဲ့ဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ သာမဏေဘဝတွင် ကောကုတ္တရာ စာပေ အခြေခံများ မင်္ဂလသုတ်မှ အဆင့်ဆင့် ရှင်ကျင့်ဝတ်(သေခိယ)၊ သင်္ဂြိုလ် (၉) ပိုင်း အထိ အချိန်နှင့် တပြေးညီစွာ သင်အံပြန်ဆိုနိုင်ခဲ့သည်။

ရှင်သာမဏေ (၃)ဝါအရတွင် မိဘကူညီရန် ဆန္ဒနှင့် ရှင်သာမဏေဘဝမှ လူဝတ်လဲခဲ့သည်။ ရှင်သာမဏေဘဝမှ လူထွက်ပြီး မိဘအလုပ်ကို မိဘအလုပ်ကို ကူညီရန်ဆန္ဒရှိသော်လည်း ကောက်စိုက်၊ မျိုးနုတ်၊ နီးဖြာ စသည့် အလုပ်များနှင့်

အကျွမ်းတဝင် မရှိသဖြင့် မိဘကိုကူညီမည့်အစား မိဘရဲ့ ဝန်ထုပ်ဝန်ပိုးပင် ဖြစ်ခဲ့ရသည်။ အပေါင်းအသင်းများနှင့် သစ်ခုတ်ဝါးခုတ်၊ ထင်းခွဲ၊ လှေဆွဲ အလုပ်ကို လုပ်ပါသော်လည်း အဆင်မပြေခဲ့။ နေ့စားအလုပ်ကို နေပူထဲ တစ်နေကုန် လုပ်မှ နစ်ကျပ်သာရရှိသည်။ စပါးတစ်တင်းမှာ နစ်ကျပ်ဈေးဖြစ်တော့ တစ်နေ့လုပ်အားသည် စပါး (၁)တင်းဖိုးသာရသည်။ ရှန်းကန်လှုပ်ရှားရသော ကျောမွဲ လူတန်းစားတို့၏ အခြေခံ ဖြစ်စဉ်ကို စူးစမ်းလေ့လာရန် ဆန္ဒပြင်းပြ လာခဲ့ရတော့သည်။

ထိုအခါ ကရင့်တော်လှန်ရေး ခေါင်းဆောင် တစ်ယောက်၏ အဆိုအမိန့်ကို အောက်ပါအတိုင်း အမှတ်ရ၍ လူထုလူတန်းစားတို့၏ဘဝ ကွင်းကွင်းကွက်ကွက် ပေါ်လာလေတော့သည်။

- နယ်ချဲ့ အင်္ဂလိပ်ခေတ်နှင့် ကရင်လူမျိုးများဘဝ
- ဖက်ဆစ်ဂျပန်ခေတ်နှင့် ကရင်လူမျိုးများဘဝ
- ဘီအိုင်အေတို့၏ ဗိုလ်ကျ အနိုင်ကျင့်မှု
- ဖဆပလ အစိုးရ၏ မတရားအုပ်စိုးမှုနှင့် အုပ်စိုးခံကရင်လူမျိုးများဘဝ
- မဟာလူမျိုးကြီး ဝါဒီများ လက်နက်အားကိုးအနိုင်ကျင့်မှု
- လူလူချင်း မတရားစီးပွားရှာ သွေးစုပ်အမြတ်ထုတ်မှု

စသည့်အကြောင်းအရာအောက်မှာ ကရင်တစ်မျိုးသားလုံး၏ တစ်ခုတည်းထွက်ပေါက်သည်  တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကရင်ပြည်ထူထောင်ရေးပင် ဖြစ်၏ဟူသော အတွေးအမြင်သည် မိမိစိတ်အစဉ်မှာ မြဲမြံစွာ စွဲကပ်ခိုလှုံလျက်ရှိချေတော့သည်။ ထိုစဉ် ဒေသအတွင်း အမျိုးသားရေးအခန်းကဏ္ဍကို ရှေ့တန်းတင်တက်တက်ကြွကြွ စည်းလုံးလှုံ့ဆော်သူတို့မှာ ဖနံကာဒါ နဲဌွေသိန်းနှင့် ခလယ်တံခွန်တိုင် မောင်နဲပေါ် တို့ပင် ဖြစ်ကြသည်။ မောင်နဲပေါ် ၏ အမျိုးသားရေး နိုင်ငံရေးဟောပြောရှေ့ဆောင်မှုသည် မိမိ၏နိုင်ငံရေး အမျိုးသားရေး အသိအမြင်များ တိုးပွားစေခဲ့သည်။ နောက်တစ်ဖန် မောင်ကျော်ဌေးခင်(ခ)ပဒိုမန်းချယ်၏ ရှေ့ဆောင်မှုဖြင့် ဦးချစ်ညိုမှ သင်ကြားပို့ချသော မာ့(စ်)ဝါဒနှင့် ဒီမိုကရေစီ လမ်းစဉ်သင်တန်းကို မောင်ကျော်ဌေးခင် (ခ) ပဒိုမန်းချယ်၊ ပဒိုမန်းကျော်ဒင် တို့နှင့်အတူ တက်ရောက် သင်ယူ မှတ်သားနိုင်ခဲ့သည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် တပ်မဟာ (၆) ဒူးမလာယာခရိုင် ပဒိုမန်းချယ်၊ ပဒိုမန်းကျော်ဒင်တို့နှင့် တွဲမိပြီး ရည်မှန်းချက်ကြီးကြီးဖြင့် ရှေ့ခြေလှမ်းလှမ်းရန် ပြင်ဆင်သည်

ဟု ဆိုရမည်။ ဤနေရာတွင် သူ၏ရေးသားချက်မှာ စာမျက်နှာ တစ်ခုပျောက်နေပါ၍ ခြယ်မှုန်းပုံဖော်ရခက်သည်။ ရှိသည်လေးနှင့်ပင် ဖော်ပြရတော့သည်။

## မိမိဘဝရှေ့ခြေတစ်လှမ်း

မိမိ၏ ရှေ့ခြေတစ်လမ်းကို လှမ်းနိုင်ရန် အမျိုးသားရေးခေါင်းဆောင်အချို့နှင့် ပဒိုမန်းချယ် (ခေါ်) မောင်ကျော်ဌေးခင်သည် အဓိကအခန်းတွင် ပါဝင်သည်။ ရည်မှန်းချက် ရှိသည်။ ရည်ရွယ်ချက် ရှိသည်။ ကြီးမားသော ဦးတည်ချက် ရှိသည်။

ထိုအချိန်သည် မျိုးချစ်ခေါင်းဆောင်ကြီး မောင်နဲပေါ် မရှိတော့လေပြီ။ စောစောကပင် တံခွန်တိုင်အနောက်ကျောင်း တန်ဆောင်တိုင်ပွဲတော်တွင် ဗမာ့တပ်မတော် လက်ချက်ဖြင့် စောစီးစွာ ကျဆုံးသွားခဲ့ရရှာသည်။ အလျဉ်းသင့်လျှင် မောင်နဲပေါ် ကျဆုံးခြင်းကို တင်ဆက်သွားပါမည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် စစ်မြေပြင်အတွင်း မြေစာပင်ဖြစ်ခဲ့ဖူးသော လှာ့ခဒှာ (လှာကဒါ) ရွာသူရွာသားများ၏ ပုံရိပ်တစ်ကွက်ကိုလည်း ကိုယ်တွေ့မှတ်တမ်းတင်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။ လှာ့ခဒှာရွာတည်ရှိရာနေရာသည် ဝင်းရော်(ဝေါင်းရော်) မြစ်အရှေ့ဘက်ကမ်းနှင့် ဇမိ(သမိုက်)၏ အရှေ့ဘက်ခြမ်းတွင်ရှိသည်။ စစ်ရေး အရဆိုလျှင် မြစ်ကြောင်းနှစ်ကြောင်းက ခြံစည်းရိုးကတုတ်ကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ဖြစ်မည်။ ကရင် အမျိုးသား အစည်းအရုံး ဒူးပလာယာခရိုင် အခြေခံဒေသတစ်ခုဟု ဆိုလျှင် ဆိုနိုင်လောက်သည်။ ထို့ကြောင့်လည်း တပ်မတော်စစ်ကြောင်းက ရန်သူ့နယ်မြေအဖြစ် သတ်မှတ်ပြီး ဝင်ထွက်သွားလာတိုင်း တိုက်ပွဲဖြစ်မြဲဖြစ်သည်။ တိုက်ပွဲဖြစ်ပြီဟုဆိုလျှင် တွေ့သမျှလူတွေကို လုပ်ချင်တိုင်းလုပ်ကြသည်ကို ဗိုလ်ချုပ်မန်းကျော်ဖေက သူ၏ မှတ်တမ်းတွင် ခုနှစ်သက္ကရာဇ်နှင့်တကွ ဖော်ပြထားပေသည်။

## ခံဘမ်းကျောင်းအလှကို အနီရောင်ဆိုးလိုက်သော နံနက်ခင်း၏ ငရဲပွက်သံ

(၁၉၆၁)ခုနှစ် မေလ (၂၀)ရက် မနက် (၇)နာရီအချိန်သည် လှာကဒါ ခံဘမ်းကျောင်း သဘာဝအလှကို ရိုင်ဖယ်သံ၊ ဘရင်းစတင်းသံ၊ မော်တာသံများ လွှမ်းမိုးပြီး အော်သံဟစ်သံ အမိန့်ပေးသံတို့က နားကွဲလုမတတ် ဆူညံလျက် ရှိတော့သည်။ ကရင်လက်နက်ကိုင် အင်အားစုတစ်စုက "ဟေး...ဟေး၊ မပစ်ကြနဲ့ မပစ်ကြနဲ့၊

ရွာနာမယ်၊ ဒီမှာ ရဟန်းသံဃာလည်း အများကြီး၊ အားလုံးထိခိုက်ကုန်လိမ့်မယ်၊ ရွာအပြင်မှာ ထွက်ခံမယ်" ဆိုပြီး အစောကြီးကပင် ထွက်ခွာသွားကြလေပြီ။

တစ်ဘက်ပစ်ခတ်နေကြသည့် ဗမာ့တပ်မတော်များကတော့ဖြင့် ပစ်တုန်းစတုန်း အမိန့်ပေးတုန်း ဖြစ်သည်။ ညာသံပေးနေတုန်း ဖြစ်သည်။ "ဟေး...ဟေး ပစ်ကြ ပစ်ကြ၊ တစ်ယောက်မှ မလွတ်စေနဲ့၊ ဗမာ့တပ်မတော်ကွ လက်နက်ချ လက်နက်ချ" ဆိုသော အော်ပြောသံနှင့်အတူ တုန်လှုပ်စရာ အသံတစ်ခုမှာ "ပစ်..ပစ် ဦးတည့်ရာပစ်၊ ဒီမှာငါတို့ အမျိုးတွေ တစ်ယောက်မှ မရှိဘူး" ဆိုတာပါပဲ။ ရင်နာစရာကောင်းလိုက်လေခြင်း။

ထိုအချိန်တွင် ရွာအရှေ့ပိုင်း (ခုံဘမ်းပိုင်း)ရှိ ယောကျာ်းမိန်းမ တွေ့သမျှလူအားလုံးကို သေနတ်နှင့်ထောက်ပြီး ကျွဲမောင်းနွားမောင်း ကျောင်းအတွင်း မောင်းဝင်လာကြတော့သည်။ မောင်းဝင်လာသော လူပေါင်းက တစ်ရာထက် မနည်းပေ။ ထိုလူများကို မေးမြန်းရိုက်နက် ထုထောင်းကြလျက်ရှိရာ ဦးအကြူး၊ ဦးဘိုးဟိန်၊ ဦးမှုလူတို့သည်ပင် သွေးတရဲရဲ ဖြစ်နေချိန် ကျနော့်အဖေ ကျောင်းဒကာ (အသက် ၇၀ နီးပါး)ကို အားရပါးရ ရိုက်နက်တာမြင်တော့၊ "ဒကာကြီးတို့ သည်းခံကြပါ၊ ဒီလူတွေအားလုံး ရွာသားတွေပါ ဦးဇင်းတို့ ဒကာအစစ်ပါ မရိုက်ကြပါနဲ့" တောင်းပန်ပေမဲ့ ကျောင်းပတ်ပတ်ချာလည်တွင် ရိုက်နက်ထုထောင်းသံ ဆိုသံဆဲသံ ငိုယိုသံတို့သည် ငရဲပွက်သံတမျှ ဆူညံလို့ ရှိပါလေတော့သည်။

*ဆက်လက်ပြီး နွေရာသီ တစ်နေ့သောအခါတွင် တိုက်ပွဲခေါ် သံ၏နောက်၌ လာ့ခွာ (လှာကဒါ) ရွာသူရွာသားများ အယောက် (၅၀)ကျော် တပ်မတော်စစ်ကြောင်းက ခေါ် သွားသဖြင့် ပါသွားခဲ့ရပုံ၊ တပ်မတော်၏ လက်နက်ကျည်ဆံသေတ္တာ ထမ်းပေးနေရပုံနှင့် ခရီးတစ်ဝက်ကျော်လောက် အရောက်တွင် အစ်ကိုပါပုနှင့် မန်းမွေးတို့နှစ်ဦး လူ့လောကမှ သွေးသံဖြင့် နှုတ်ဆက်ထွက်ခွာ သွားရပုံတွေကို ရေးထားရင်း သေဆုံးသူ၏ မိခင်က ငိုကြွေးသောက ရောက်ခဲ့ရပုံတွေကို ဖော်ပြရာတွင် အသက်ဝင်လွန်းလှသည်။*

## မေမေ့ သားကြီးပါပု ကံဆိုးရာပြီ

ခုံဘမ်းကျောင်းဝင်းအတွင်း သွေးထွက်သံယိုမှု ရိုက်ပွဲကြီး ပြီးသွားလေပြီ။ အချိန်သည် မွန်းလွဲ (၃)နာရီခန့် ဖြစ်သည်။ ငွေရှိန်၊ ပန်းမွေး အစ်ကိုပါပုတို့သည် သွေးသံရဲရဲဖြင့် ၎င်းသုံးယောက်တို့နှင့် အတူ ရွာသားအယောက် ငါးဆယ်တို့သည် ဗမာ့တပ်မတော်အမည်ခံ စစ်ဘီလူးတို့၏ ချီတက်ရာနောက် ကျည်သေတ္တာထမ်း

လိုက်ပါ ကြရရှာသည်။ နောက်ရက် (၁၉၆၁)ခုနှစ် မေလ (   )ရက်နေ့မှာ ရွာသား အယောက် ငါးဆယ်ပြန်ရောက်ခဲ့ကြပေမဲ့ အစ်ကို ပါပုနှင့် ငွေရှိန်၊ ပန်းမွေးတို့ မပါလာကြပေ။ (၇)ရက်မြောက်နေ့မှာ ဖားပြဒေသ မြေနီကုန်းရွာအနီး ကြာအင်းခေါ်တဲ့ အင်းစောင်းမှာ အစ်ကိုပါပုနှင့် ပန်းမွေးတို့နှစ်ယောက် မရှုမလှ သွေးသံရဲရဲဖြင့် ဗမာ့တပ်မတော်များ လက်ချက်ဖြင့် သေဆုံးသွားကြရရှာပြီ ဆိုသည့်သတင်းကို မေမေကြားသိရ၍ သားသံယောဇဉ်နှင့် မအိပ်မစားနိုင်ဖြစ်ကာ အရိုးပေါ် အရေတင် ဖြစ်ခဲ့ရရှာသည်။ ဩ မိခင်မေတ္တာ .... မိခင်၏မေတ္တာ ကြီးမားလှပါပေ၏။

ဤသို့ဖြစ်ပြီးနောက်ပိုင်း ဗိုလ်ချုပ်မန်းကျော်ဖေသည် ရွာသား အသတ်ခံရသည်နှင့် ပတ်သက်၍ အခဲမကျေဖြစ်သည်။ အသတ်ခံရသည့်အထဲတွင် အစ်ကိုအရင်း တစ်ဦးပါပြန်၍ ပိုတောင် မကျေမနပ်ဖြစ်ပြန်သည်။ ထိုခံစားချက်နှင့် ပတ်သက်၍ အဖေဖြစ်သူ ဖျောင်းဖျသော်လည်း စိတ်ထဲတွင် ရန်သူကို ခုခံချင်စိတ် ဖြစ်လာသည်။ အကယ်၍ သူ စစ်ထဲ တော်လှန်ရေးထဲဝင်လျှင် အစ်ကိုကြီး သေဆုံးထားသည်ကလည်း မကြာသေး၍ အမေပိုခံစားရလေမလား၊ ရင်ကွဲနာကျလေမလား...စသည်ဖြင့် ကိုယ်တိုင် အတွေးပုံရိပ် တစ်ကွက်ကို ဗိုလ်ချုပ်မန်းကျော်ဖေ ကောင်းကောင်း ချပြထားပြန်သည်။

## မေမေ ရင်ကွဲနာ ကျလေမလား

မေမေ့သားကြီးပါပု သွေးသံရဲရဲနှင့် အသတ်ခံလိုက်ရသော သတင်းရလိုက်သည်နှင့် နေ့စဉ်ရက်ဆက်ငိုပြီး မစားနိုင်မသောက်နိုင် အရိုးပေါ် အရေတင်နေရသည့် ခံစားမှုဝေဒနာ ဖြစ်နေစဉ်မှာ ကျနော်သည် ဗမာ့တပ်မတော်အပေါ် မကျေမချမ်းဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ရန် ရွာကထွက်သွားလျင် မေမေဘာများ ဖြစ်သွားလေမည်နည်း။ (သားကြီးရေနစ်သေဆုံး သားငယ်စွန်ချီသွား ဖြစ်တဲ့ ပဋ္ဌာစာရီလို မေမေရင်ကွဲနာ ကျလေမလား)။ ထိုအခါ ဖေဖေက ကျနော့် ခံစားချက်ကို ဖြေလျှော့စေရန် "သည်းခံပါသားရယ် နိယာမတရားအရ ငါတို့မှာ ဝဋ်ကြွေးရှိလို့ ထားပါလို့" ပြောတော့ "ဟုတ်ကဲ့ဖေဖေ" လို့သာ ဆိုလိုက်ရသော်လည်း သမိုင်းနှင့်ချီလာသည့် လူမျိုးကြီးဝါဒတို့၏ ဗိုလ်ကျအနိုင်ကျင့်ခြင်းကို အခဲမကျေနိုင်။

စိတ်ခံစားချက်သည် တား၍မရသော အရာဖြစ်၍ ဗိုလ်ချုပ် မန်းကျော်ဖေ သည် တော်လှန်ရေးနယ်သို့ ခရီးစတင်ရတော့သည်။ မသွားခင် တော်လှန်ရေး၏ ခက်ခဲကြမ်းတမ်းမှုမျိုးစုံကို ဖခင်ဖြစ်သူက အရင်မှာကြားသွားခဲ့သည်။ တော်လှန်ရေးနယ်ရောက်တော့

အစစအရာရာ တာဝန်ထမ်းရင်း အလုပ်သင်သဘောဖြင့် ဖြတ်သန်းလာခဲ့ရပုံကို သူက သတိတရ ရေးထားပါသေးသည်။

## တော်လှန်ရေး နယ်မြေသို့

မိဘနှင့်တကွ အပေါင်းအသင်းများအား စွန့်ခွာပြီး တော်လှန်ရေးနယ်မြေသို့ စတင်သည်။ မရောက်မပေါက်ဖူးသောဒေသ၊ မခင်မမင်ဖူးသော ပုဂ္ဂိုလ်များတို့နှင့် ပေါင်းသင်းဆက်ဆံသည်။ ဆင်းရဲပင်ပန်းသည်။ ခက်ခဲသည်။ ထိုစဉ်တွင် ဖေဖေပြော စကားတစ်ခွန်းကို ကြားယောင်လာသည်။ တစ်ခုလုပ်ရင် ကြပ်ကြပ်လုပ်၊ တော်လှန်ရေး ဆိုတဲ့ အဓိပ္ပာယ်ကို နားလည်အောင်လေ့လာ၊ တော်လှန်ရေးနှင့် တူအောင်လုပ် ဆိုသော ဖေဖေစကားသည် ကျနော့်ကို ခွန်အား ပြည့်ဝစေသည်။

နိုင်ငံရေး၊ အမျိုးသားရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ လူမှုဆက်ဆံရေး၊ စည်းရုံးရေး၊ တိုက်ရေးခိုက်ရေးများကို လုပ်ရင်းသင် သင်ရင်းလုပ် လက်တွေ့ကျကျ နည်းပေးခဲ့သူမှာ ဗိုလ်ချုပ်အော်လီဘာပင် ဖြစ်သည်။

(မိမိ မပြောတတ်သော စစ်ကရင်စကား မတတ်သေးသော စကောကရင်စာကိုပင် တတ်အောင်သင်ပြပေးခဲ့သူ လက်ဦးဆရာမှာ ဗိုလ်ချုပ်အော်လီဘာပေတည်း)

*ဗိုလ်ချုပ်မန်းကျော်ဖေအကြောင်းကို မသိသူတွေက တစ်မျိုး တစ်ဖုံထင်ကောင်း ထင်လိမ့်မည်။ သေမင်းလက်ထဲမှပြန်လွတ်လာခဲ့ရသည်ကိုလည်း စိတ်ဝင်စားဖွယ် ကောင်း လှပါသည်။ သေမင်းလက်ထဲ ပါသွားဖူးသော်လည်း ရပ်တည်ချက်မပျက်ဘဲ ယုံကြည်ချက် အတွက် တော်လှန်ရေးအတွက် ဆက်လက်ရှင်သန် လှုပ်ရှားမြဲလှုပ်ရှားဆဲ လှုပ်ရှားနေ ပြန်သည်။ ထိုစဉ်က အထက်လူကြီး၏ တာဝန်ပေးချက်အရ မဟာမိတ်ကိစ္စတစ်ခုနှင့် ဆောင်ရွက်ရင်း ခရီးလမ်းတစ်ခုတွင် ရန်သူက သတင်းရရှိ၍ ဖမ်းဆီးခံလိုက်ရဖူးသည်။ အဖမ်းခံရစဉ် ရန်သူ၏ အရိုက်အကန် အထုအထောင်း နှိပ်စက်မှုအမျိုးမျိုး ခံရသည်။ နောက်တော့ အချုပ်ထဲရောက်ခဲ့ရသည်။ အချုပ်ကျစဉ်မှာပင် အဖေဆုံးသည့် သတင်းကို ကြားရပြန်သည်။ မတတ်သာတော့ပြီ။ လောကကြီး အမှောင်ကျသောနေ့ဟု သူရွတ်ဆို နေမိတော့သည်။ ဤသည်နှင့် ဆက်စပ်သော အကြောင်းကို အောက်ပါအတိုင်း ရေးထုတ် ထားပါသည်။*

## သေကံမရောက် သက်မပျောက်

ကံဆိုးမိုးမှောင်သော (၁၉၇၄)ခုနှစ် ဇူလိုင်လတွင် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒု-ဗိုလ်မှူးကြီးထောဖာမှ ခေါ်ယူတွေ့ဆုံရာတွင် "ဗိုလ်ကျော်ဖေ၊ ခင်ဗျားမွန်ပြည်သစ်ပါတီ (မြို့နယ်ကော်မတီ) နိုင်ဖိုးစိန်နဲ့ သွားတွေ့ပြီး မဟာမိတ်ကိစ္စ ဆွေးနွေးပါ" ညွှန်ကြားချက်အပေါ် ကျနော်တစ်ယောက်တည်း အဖော်ရွာသား တစ်ဦးကို ခေါ်ပြီး နိုင်ဖိုးစိန်ရှိရာသို့လာခဲ့ရာ မအူချောင်းဝရွာ အရောက်တွင် -

(သို့/

နိုင်ဖိုးစိန်

လေးစားလျက်။ ညွှန်ကြားချက်အရ လူကြီးမင်းနှင့် မဟာမိတ်ကိစ္စတစ်ခုကို ညှိနှိုင်းဆွေးနွေးရန် ရှိခြင်းကြောင့် ကျေးဇူးပြု၍ ယခုစာယူလာသူနှင့်အတူ စီနားထိုင်းနေအိမ်သို့ လာရောက်တွေ့ဆုံပါရန် အစဉ်လေးစားချစ်ကြည်စွာဖြင့်

မန်းကျော်ဖေ)

ဤသို့ ရေးသားလိုက်သောစာကို ကံဆိုးချင်တော့ ခလရ(၆၂) ဒု-ဗိုလ်မှူးကြီး သင်းထင်၏ စစ်ကြောင်းနှင့် ပက်ပင်းတိုးပြီး ကျနော့်စာကို သိမ်းဆည်းရမိလိုက်သည်နှင့် ၎င်းတို့က မွန်ပြည်သစ်ပါတီ နိုင်ဖိုးစိန်အသွင် ဟန်ဆောင်ကာ ကျနော့်ထံဝင်ရောက်လာရာ လူမှားသဖြင့် အဖမ်းခံလိုက်ရလေသည်။

ခလရ(၆၂)၏ လက်စွမ်းသည်လည်း ခေသည်တော့ မဟုတ်ပေ။ မေးသည်။ ရိုက်သည်။ ကန်သည်။ ဂျီသရီးဒင်နှင့် ထောင်းသည်။ ဘက်နက်နှင့်ထိုးရန် ချိန်သည်။ ရေရေလည်လည် အရိုက်အနက်ခံရချိန်တွင် ခလရ(၆၂) တပ်ရင်းမှူး (စစ်ကြောင်းမှူးဖြစ်သူက) "ဟေး...ဘယ်မှာလဲ တရားခံ၊ ငါ့ပေးဆို" ကျနော် စစ်ကြောင်းမှူးထံရောက်ခဲ့သည်။

ထိုစဉ်မှာ စစ်ကြောင်းမှူးက

"မင်းဘယ်သူလဲ၊ ဘယ်အဖွဲ့ကလည်း၊ ဘာအဆင့်လဲ၊ ဘာလူမျိုးလဲ" မေးသည်။ ကျနော်က

"ကျနော့်နာမည် မန်းကျော်ဖေ၊ ကေအဲန်ဒီအိုတပ်ရင်း (၆) တပ်ကြပ်ကြီး

ကရင်လူမျိုး"လို့ ပြန်ဖြေလိုက်သည်။

စစ်ကြောင်းမှူးက

"မင်းမှာ ဘာတွေပါလဲ ပြော" ဆိုလို့

"ကျနော့်မှာ ကာဘိုင်တစ်လက်၊ ကျည် ၃၀၀ နှင့် ရိက္ခာငွေတွေပါ ပါတယ်"

ထိုအခါ စစ်ကြောင်းမှူးက ပစ္စတိုသေနတ်ကို မောင်းတင်ပြီး ကျနော့်နဖူးကို ချိန်ပြီးတော့

"မင်းသေမှာ မကြောက်ဘူးလား" တဲ့။

ကျနော်က "လူတိုင်း သေမှာကြောက်တတ်ကြပါတယ်"လို့ ဖြေလိုက်သည်။

စစ်ကြောင်းမှူးက

"မင်းသေမှာကြောက်ရင် ဘာကြောင့် လက်နက်ကိုင်ရသလဲ"လို့ မေးလိုက်သောအခါ ကျနော်သည် မထူးပြီလို့တွေးပြီး "သမိုင်းပေးတာဝန်အရ"ဟု ဖြေလိုက်သည်။ စစ်ကြောင်းမှူးက "ဘာသမိုင်းလဲ"လို့ မေးသည်။

ကျနော်က "ကရင်မှန်ရင် ကရင်ဘဝ လွတ်မြောက်ရေးကို လုပ်ရမယ်" လို့ ပြန်ပြောသောအခါ စစ်ကြောင်းမှူးက

"ဟော့ကောင်... မင်း မသေမချင်း မှတ်ထား၊ ငါဟာကရင် သထုံသား သင်းထင် လို့ခေါ်တယ်၊ ယခုမင်းဟာ ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ၊ သွန်ချင်သွန် မှောက်ချင်မှောက် သတ်ချင်သတ် ထားချင်ထားလို့လည်းရတယ်" ဆိုပြီးတော့

"ဟေး..ဆရာကြီး ကျော်စိန် ဒီလူနဲ့ ပတ်သက်လို့ မင်းတို့မေးချင်မေးပါ၊ အသားနာအောင် လက်ဖျားနှင့်မှ မတို့ကြနဲ့ ကြားလား" လို့ ပြောတော့ တပ်ကြပ်ကြီးမှာ

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး"

အဲသည်တော့ ကျနော်၏ ကံစီမံရာသည် အရိုက်အနက် ကင်းလွတ်ခွင့်ရခဲ့လေပြီ။ ရန်သူပင်လျှင် ဤသဘောထားမျိုးရှိက ကျေးဇူးတင်သဖွယ် ဂုဏ်ယူသင့်ပေ၏။

ကြိုးတန်းလန်းနှင့် ကြာအင်းဆိပ်ကြီး အရှေ့ဘက်မှာ ခလရ(၆၂) တပ်ရင်းမှူးကြီး သင်းထင်က ကျနော့်ကို ချုပ်နှောင်ထားသော တန်းလျားတစ်ခုမှာ လာပြီး

"မန်းကျော်ဖေ ငါတို့စစ်ကြောင်း ရိက္ခာထုတ်ပြီး မင်းရွာလမ်းဘက် ခရီး

ထွက် ရမယ်၊ မင်းကို ရဲလက်အပ်တာကလွဲလို့ ငါဘာမှ မတတ်နိုင်ဘူး၊ နေခဲ့ပေတော့" ဆိုလို့ ကြာအင်းဆိပ်ကြီး ရဲစခန်းအချုပ်တွင် အချုပ်ကျခံရတော့သည်။

အချုပ်ကျလို့ (၃)ရက်မြောက်မှာ ဖေဖေဆုံးသွားရှာပြီဆိုသောသတင်း ညီမအထွေးမ လာပြောလို့ သိရတဲ့အချိန်မှာ ငါ့ကမ္ဘာ ငါ့လောကကြီး အမှောင်ကျလေပြီကော။ နောက်ဆုံး မမေ့သင့် မမေ့နိုင် မမေ့အပ်တဲ့ ဖေဖေ့စကားသည် အချုပ်ခန်းတစ်ခုလုံး ဟိန်းလျက် ဆူညံလျက် ကြားယောင် ပေါ်ထွက်လာလေတော့၏။

- ငါ့သား တစ်ခုခုလုပ်ရင် ကြပ်ကြပ်လုပ်။
- တော်လှန်ရေး အဓိပ္ပာယ်ကို နားလည်အောင်လေ့လာ။
- တော်လှန်ရေးနဲ့ တူအောင်လုပ်။

ဖေဖေ့မိန့်မှာစကား ရင်ဝယ်ထား၍ သားလိုက်နာပါမည်။ သားလူဆိုးကြီးကို ခွင့်လွှတ်ပါ။ ဖေဖေကောင်းရာသုဂတိ လားပါစေ။

ဗိုလ်ချုပ်မန်းကျော်ဖေ၏ လက်ရေးမူကို ဤမျှသာတွေ့သည်။ အခြားမည်မျှ ဆက်ရေးထားသည်ကို မသိရှိရတော့ပေ။

ဤသို့ ဗိုလ်ချုပ်မန်းကျော်ဖေ အကြောင်းကို ဟိုတစ်ကွက်သည်တစ်ကွက် ရုပ်ပုံလွှာကဲ့သို့ ဖတ်လိုက်ရသဖြင့် အကျယ်ကို ဆက်ဖတ်ချင်မိသည်။ သို့သော် သီးခြားလုံးချင်း ပြုစုထုတ်ဝေထားခြင်း မရှိသေး၍ ရှာဖတ်ရခက်ချေပြီ။

အမျိုးသားသစ္စာဖြင့်

စောယောင့်သာအဲဆန်

# ကေအဲန်ဒီအို ဗိုလ်ချုပ်မန်းကျော်ဖေ (သို့မဟုတ်) သင်္ကန်းစွန့်ပြီး လက်နက်ကိုင်ခဲ့ရသူ

သူ့မျက်နှာသွင်ပြင်က တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း။ အနေအေးပြီး စကားကိုလည်း တွေးတွေးဆဆ ပြောတတ်တယ်။ မျက်ခုံးမွေးထူထူ အသားအရေဖြူဖြူနဲ့ သဘောထားရိုးရှင်းပွင့်လင်းတဲ့ ဗိုလ်ချုပ်မန်းကျော်ဖေကို စစ်ဗိုလ်ဆိုတဲ့ နာမဝိသေသနနဲ့တော့ မလိုက်ဖက်လှဘူးလို့ ကျမစိတ်ထဲ ခံစားရတယ်။ သူ့ကို ကျမက သမာသမတ်ကျတဲ့ ကျေးရွာလူကြီးတစ်ဦးလို့ မျက်လုံးထဲ မြင်ယောင်မိတယ်။

"ဒါ .. အဘိုး တူလို သားလိုချစ်ရတဲ့ အဘိုးရဲ့ ရဲဘော်ရဲဘက်ကြီးပေါ့။ ဗိုလ်မှူးချုပ် မန်းကျော်ဖေ" တဲ့။

ကျမတို့ လေးစားချင်ခင်ရတဲ့အဘိုး (ယခင်ကေအဲန်ဒီအိုဗိုလ်ချုပ်) ဗိုလ်ချုပ်ကျော်သောင်းက အတီးမန်းကျော်ဖေနဲ့ ကျမကို မိတ်ဆက်ပေးတယ်။

မျက်ခုံးမွေးထူထူကြီးတွေ မြှင့်တက်ပြီး ပြည့်ပြည့်ဝဝကြီး ပြုံးနေတဲ့ အတီးမန်းကျော်ဖေက ကျမကို လေးလေးစားစားနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ကျမစိတ်ထဲ ဒီအတီးရဲ့မျက်နှာက အေးချမ်းလိုက်တာလို့ ရေရွတ်ခဲ့မိတယ်။

နောက်ပိုင်းမှာတော့ ကေအဲန်ယူအစည်းအဝေးတွေမှာ အတီးနဲ့ မကြာမကြာဆုံတယ်။ ဗိုလ်ချုပ်ကြီးဝတ်စုံ ဝတ်ထားပေမယ့် သူ့မျက်နှာက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း။ ဆွေးနွေးပွဲတွေမှာလည်း စကားသိပ်မပြော။ ပြောရင်လည်း အေးအေးဆေးဆေး တွေးတွေးဆဆ။ ဒါပေမယ့် သူ့ငယ်ဘဝက အေးအေးဆေးဆေး တွေးတွေးဆဆ မဖြစ်ခဲ့ရဘူး။

စစ်ပွဲတွေနဲ့ စခဲ့ရတယ်။ တိုက်ပွဲတွေဖြစ်နေတဲ့ ကြားကပဲ သူ ကျားကုတ်ကျားခဲ သေစာရှင်စာ သင်ခဲ့ရတယ်။ ရဟန်းဘဝနဲ့ ငရဲကျတဲ့ ဘဝတွေကို မြင်ခဲ့တွေ့ခဲ့ရတယ်။ နောက်တော့ သူ သင်္ကန်းချွတ်ပြီး လက်နက်ကိုင်ခဲ့ရတယ်။

အတီးက ရွာသားဘဝနဲ့ပဲ ရိုးရိုးသားသား လယ်ယာလုပ်ဖို့ပဲ စိတ်ကူးရှိခဲ့တာ။ အတီးမှတ်မိသလောက်တော့ အတီးအသက် (၇)နှစ် (၈)နှစ် အရွယ်လောက်ကတည်းက အတီးတို့ဒေသတွေဟာ မအေးချမ်းဘူး။ အတီးတို့နယ်တဝိုက်မှာ ဗမာစစ်တပ်နဲ့ ကေအဲန်ယူတပ်တွေ နေ့တိုင်းလိုလို တိုက်ပွဲ ဖြစ်တယ်။ ရွာသားတွေကလည်း ဟိုပြေးဒီပြေးပေါ့။ အလုပ်အကိုင်တွေလည်း ကောင်းကောင်းမွန်မွန်လုပ်လို့မရဘူး။ ကလေးတွေလည်း ကျောင်းတက်လို့မရဘူး။ စာသင်ချင်ရင် ဘုန်းကြီးကျောင်းတွေမှာပဲ ခက်ခက်ခဲခဲ သင်ရတယ်။ အတီး အသက် (၂၀)အထိ အမျိုးသားရေးတို့ ကရင့်တော်လှန်ရေးတို့ ဘာမှမသိဘူး။ ကရင့်တော်လှန်ရေးထဲကို ဝင်တာက အတီး အသက် (၂၁)နှစ်အရွယ်မှာမှ စဝင်ခဲ့တာ။

အဲ့ဒီအချိန်တုန်းက အတီးက သင်္ကန်းဝတ်ကြီးနဲ့။ ကေအဲန်ယူနဲ့ ဗမာစစ်တပ် တိုက်ပွဲတွေဖြစ်တော့ ဗိုလ်ချုပ်မြ ဦးဆောင်တဲ့ တပ်တွေ ပြန်ဆုတ်လာကြတာ။ သူတို့ စစ်ကြောင်း (၃)ကြောင်းခွဲပြီး ပြန်ဆုတ်လာတာ။ တစ်ကြောင်းက အတီးတို့ ရွာနားမှာ။ အဲ့ဒီမှာ လိုက်လာတဲ့ ဗမာစစ်တပ်နဲ့ တိုက်ပွဲဖြစ်တယ်။ တစ်ရွာလုံးကို ဆူညံ နေတာပဲ။ ရွာက ယောကျ်ား မိန်းမ အားလုံးကို ဗမာစစ်တပ်ကနေ ဘုန်းကြီး ကျောင်းဝန်းထဲမှာ ခေါ်စုပြီး ရိုက်နှက် ထုထောင်းတာတွေလုပ်တာ တစ်ရွာလုံးကို ပွက်လောရိုက်နေတာပဲ။ ငရဲကျနေတဲ့အတိုင်းပဲ။

အတီးအဖေက လယ်ထဲကနေ ရွာမှာတော့ တိုက်ပွဲဖြစ်နေပြီ၊ ပြန်ကြည့် ဦးမှဆိုပြီး ရွာကို လှည်းမောင်းပြီး ပြန်လာတာ။ အတီးအဖေက ရဟန်းဒကာ ကျောင်း ဒကာဆိုတော့ ဓလေ့ရိုးရာအရ အဖြူရောင်ဝတ်တယ်။ ဝတ်ဖြူစင်ကြယ်နဲ့ပေါ့။

အဲ့ဒီမှာ အတီးအဖေကို ဘုန်းကြီးကျောင်းဝန်းထဲမှာ စစ်တပ်ကနေ ရိုက် နှက်ပြီး စစ်လားဆေးလား လုပ်တော့တာပဲ။ အတီးက ဘယ်နေသာတော့မလဲ။ သင်္ကန်းဝတ်ကြီးနဲ့ ဘုန်းကြီးကျောင်းပေါ်က အတီး ပြေးဆင်းလာပြီး အဲ့ဒါ ဦးဇင်း ဒါယကာကြီးပဲ။ တိုက်ပွဲဖြစ်တာ သူဘာမှ မသိဘူးလို့ ပြောတော့ စစ်သားတွေက အတီးကို ဘက်နက်တွေနဲ့ ထိုးဖို့လုပ်တာ။

စစ်သားတချို့က ဦးဇင်းနဲ့ ဘာမှမဆိုင်ဘူး။ ကိုယ်နဲ့မဆိုင်တာ မလုပ်နဲ့၊ ကိုယ့်အလုပ် ကိုယ်လုပ်ဆိုပြီး အတီးကို ဆွဲပြီး ကျောင်းပေါ်ကို ပြန်တက်ခိုင်းတယ်။ အဲ့ဒီအချိန်တုန်းက အတီးရဲ့ အစ်ကိုအကြီးဆုံးက ရွာမှာ လူကြီး။ သူ့နာမည်က ကိုပါပု တဲ့။

ရွာမှာ တိုက်ပွဲဖြစ်တော့ ဘယ်မှာလဲ ရွာလူကြီးကို ခေါ်တာပေါ့။ သူတို့ခေါ် တော့ သူကြီးက လာရတာပေါ့။ အတီးအစ်ကိုလာတော့ လက်ပြန်ကြိုးတုပ် ရိုက်နှက် ပြီး ရွာထဲကဆွဲထုတ်ပြီး ရွာပြင်မှာ သတ်ပစ်လိုက်ကြတယ်။ အသတ်ခံရတာ အတီး အစ်ကို တစ်ယောက်တည်းမဟုတ်ဘူး။ (၂)ယောက်။

သူ့ရဲ့ လုပ်ဖော်ကိုင်ဘက် ဆယ်အိမ်ခေါင်းတစ်ယောက်လည်း ပါတယ်။ သူ့နာမည်က ပန်းမွှေးတဲ့။ သူတို့ (၂)ယောက်ကို အတူတူပဲ သတ်ပစ်လိုက်ကြတာ။ အတီးလည်း တော်တော်လေး မခံမရပ်နိုင် ဖြစ်ခဲ့တယ်။ အဲ့ဒီအချိန်ကစပြီး သင်္ကန်း ချွတ်ပြီး တော်လှန်ရေးထဲဝင်ခဲ့တာ ဒီနေ့အချိန်ထိပဲ။

ကရင့်တော်လှန်ရေးထဲကို ဝင်တော့ အတီးတို့ဒေသအနေနဲ့ဆိုရင် ကေအဲန် ယူ တပ်မဟာ (၆) နယ်ပေါ့၊ ကေအဲန်ဒီအို တပ်ရင်းထဲကို ရိုးရိုး စစ်သားဘဝနဲ့ပဲ အတီး ဝင်ရောက်ခဲ့တာ။ သင်္ကန်းချွတ်ပြီး အမျိုးသားတော်လှန်ရေးထဲကို ဝင်ရောက် ခဲ့တဲ့ အတီးဟာ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ပဲ စစ်သင်တန်းတွေတက်၊ နိုင်ငံရေးတွေ လေ့လာ၊ ခေါင်းဆောင်တွေရဲ့ သင်ကြားပို့ချချက်တွေကို လိုက်နာပြီး အမျိုးသား

တော်လှန်ရေးထဲကို တထောင့်တနေရာက ပါဝင်လာခဲ့သူပါ။

တော်လှန်ရေးထဲမှာပဲ အိမ်ထောင်ကျတယ်။ တော်လှန်ရေးသမားတို့ရဲ့ သဘောသဘာဝ အတိုင်းပဲ၊ အမျိုးသားတာဝန်တွေတစ်ဖက်၊ အိမ်ထောင်ရေးတာဝန်တွေတစ်ဖက်နဲ့ ရုန်းကန်ရှင်သန်ခဲ့ရတယ်။ သားသမီး (၄) ဦး ထွန်းကားပေမယ့် ဒီသားသမီးတွေရဲ့ မွေးရပ်မြေတွေက တစ်ယောက်တစ်ရွာ တစ်နေရာ။

ရောက်တဲ့နေရာမှာ တွေ့တဲ့သူတွေနဲ့ သင့်မြတ်အောင် နေထိုင်တတ်သူ ရိုးသားဖြောင့်မတ်တဲ့ အခြေခံစိတ်ဓာတ်တွေရှိသူမို့လည်း သူ့တော်လှန်ရေး ရဲဘော်ရဲဘက်တွေသာမက သူသွားရာ ရောက်ရာက ရွာသူရွာသားတွေရဲ့ လေးစား ချစ်ခင်မှုကို ခံခဲ့ရသူတစ်ဦး ဖြစ်ပါတယ်။

ရွာသားတွေက အတီးတို့ကို ချစ်ခင်လေးစား အားကိုးခဲ့ကြတယ်။ အတီးတို့ရဲ့ တော်လှန်ရေးကိုလည်း ကရင်လူထုတွေက ထောက်ခံအားပေးခဲ့ကြတယ်။ အတီးအမြင်ပြောရရင် ကရင်တော်လှန်ရေး နှစ်ပေါင်း (၆၀)ကျော် (၇၀)အထိ ကြံ့ကြံ့ခံနိုင်ခဲ့တာ ကရင်ပြည်သူတွေရဲ့ ထောက်ခံမှု ရှိနေလို့ပဲ။ ဒါကို အတီး အပြည့်အဝ ပြောရဲတယ်။

အတီးတို့တပ်မဟာမှာ အတီးတို့ တော်လှန်ရေးလုပ်ခဲ့တာ တစ်ခါမှ ဆန်မဝယ်စားခဲ့ရဘူး။ အတီးတို့ ကိုယ်တိုင် စိုက်တာရှိသလို အများစုကတော့ ရွာသားတွေရဲ့ ထောက်ပံ့မှုနဲ့ပဲ အတီးတို့ ရပ်တည်ခဲ့ရတာလို့ အတီးမန်းကျော်ဖေက သူဖြတ်သန်းခဲ့ရတဲ့ တော်လှန်ရေးသမားဘဝနဲ့ တော်လှန်ရေးပေါ် မြင်တဲ့ သူ့အမြင်တွေကို ပြောပြပါတယ်။

အတီးမန်းကျော်ဖေဟာ တော်လှန်တဲ့ မျိုးချစ်တစ်ဦးဖြစ်တယ်လို့ အတီးရဲ့ လုပ်ဖော်ကိုင်ဘက် တစ်ဦးဖြစ်တဲ့ ပဒိုဇော်နောင် (ယခင် ကေအဲန်ယူ တပ်မဟာ ၆ ဒူးပလာယာခရိုင် အတွင်းရေးမှူး) ကလည်း မှတ်ချက်ချပါတယ်။

သူက ကျန်းမာရေးအရ နိုင်ငံခြားကို ရောက်လာပေမယ့် ကိုယ့်အမျိုးသား တော်လှန်ရေးအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာ သူ့ခေါင်းထဲမှာရှိတယ်။ အဝေး ရောက်နေတဲ့ ကရင်တွေ စုစုစည်းစည်းနဲ့ ကိုယ့်အမျိုးရေးကို ဘယ်လို ဝိုင်းဝန်းလုပ်ဆောင်ကြမလဲ ဆိုတာကိုလည်း ခေါင်းဆောင်တွေနဲ့ သူ တိုင်ပင်ဆွေးနွေးတယ် လို့လည်း ပဒိုဇော်နောင်က ပြောပါတယ်။

ဗိုလ်ချုပ်မန်းကျော်ဖေအတွက် အမှတ်တရ ပြောပြရမယ်ဆိုရင်တော့ ကရင်ရိုးရာ လက်ချည်ပွဲနဲ့ ပတ်သက်လို့ သူဦးဆောင်ပြီး အကြိမ်ကြိမ် ဆွေးနွေးတင်ပြခဲ့လို့ ကေအဲန်ယူထဲမှာ အဲ့ဒီနေ့ကို ကရင်တွေအတွက် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ဖို့ အတွက် ကွန်ဂရက်မှာ ဆုံးဖြတ်ချက် ကျခဲ့ဖူးတာ ရှိတယ်။

နောက်တစ်ခုကတော့ ကေအဲန်ဒီအိုနဲ့ ကေအဲန်အယ်လ်အေတပ်ကို

လက်နက်၊ ရိက္ခာ၊ ယူနီဖောင်း စတာတွေကို တန်းတူရည်တူ ရှိစေချင်တဲ့ သူ့ဆန္ဒကို ကေအဲန်ယူ ကွန်ဂရက်တွေမှာ သူတင်ပြခဲ့ဖူးတာတွေ ရှိတယ်လို့ ပဒိုဖော်နောင်က ပြန်ပြောင်း ပြောပါတယ်။

အတီးမန်းကျော်ဖေဟာ ကရင့်တော်လှန်ရေးက ချမှတ်ထားတဲ့ မူတွေကို လေးစားလိုက်နာပြီး ရိုးသားကြိုးစားတဲ့ တပ်ဗိုလ် တပ်မှူးတစ်ဦး ဖြစ်တယ်လို့လည်း ဗိုလ်ချုပ်ကျော်သောင်းက အကြိမ်ကြိမ် မှတ်ချက်ချခဲ့ဖူးပါတယ်။

ဒါကြောင့်မို့လို့ သူ့ရဲ့ ကေအဲန်ဒီအို ဗိုလ်ချုပ်ဆိုတဲ့ ရာထူးကို ဗိုလ်ချုပ် ကျော်သောင်းက အတီးမန်းကျော်ဖေကို ယုံယုံကြည်ကြည် လွှဲအပ် တာဝန်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီနေ့ကိုတော့ အတီးမမေ့ဘူး။ ဗိုလ်ချုပ်ကျော်သောင်းက အတီးကို ပြောတယ်။ "မန်းကျော်ဖေ ငါတို့က အသက်ကြီးပြီ။ ငါတို့တော်လှန်ရေးက မပြီးသေးဘူး။ ဒီတာဝန်တွေကို ထမ်းဆောင်ဖို့က မင်းတို့တာဝန်ပဲ။ ဒါကြောင့် ကေအဲန်ဒီအို တာဝန်ကို မင်းဆက်လက်ထမ်းဆောင်ပါ။ မင်းကို ငါယုံကြည်တယ်"တဲ့။ သူ့ တာဝန်တွေကို လွှဲပြောင်းပေးအပ်တဲ့နေ့မှာပဲ သူ့ပခုံးပေါ်က ကြယ်ပွင့်ကို အတီးပခုံးပေါ်ကို သူကိုယ်တိုင် တင်ပေးခဲ့တာ။ အတီး ဝမ်းနည်းဝမ်းသာ ခံစားခဲ့ရတယ်။ တော်လှန်ရေးထဲမှာ အတီးအတွက် အမှတ်ရစရာတွေ အများကြီးထဲမှာ ဒီနေ့ကလည်း တစ်နေ့ အပါအဝင်ပေါ့လို့ အတီးမန်းကျော်ဖေက ပြောပါတယ်။

အသက်အရွယ်အရ ကျန်းမာရေးအရ သူ နိုင်ငံခြားကို ထွက်လာရပေမယ့် ကရင်အမျိုးသား တော်လှန်ရေးအပေါ်မှာတော့ သူ သံယောဇဉ်မပြတ်နိုင်ခဲ့တာ အမှန်ပါ။ နိုင်ငံခြားကို သူရောက်လာပြီး (၁)နှစ်ကျော် (၂)နှစ်အတွင်းမှာ သူ့ ရဲဘော်ရဲဘက်တွေရှိရာကို သူ ပြန်သွားခဲ့ပါသေးတယ်။ ရဲဘော်ရဲဘက်တွေအတွက် တော်လှန်ရေးအတွက် သူဘာလုပ်ပေးနိုင်မလဲ ဆိုတာ သူ့ခေါင်းထဲမှာ အမြဲရှိနေခဲ့တယ်လို့ သူက ပြောပါတယ်။

သို့သော်လည်း ဒီနေ့မှာပဲ သူ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ပါပြီ။ သူ့အသက် (၂၁)နှစ်အရွယ်က စလို့ သူကွယ်လွန်ချိန်အထိကို တော်လှန်ရေးအသိ တော်လှန်ရေးသတိ ရှိနေခဲ့တယ်ဆိုတာကို သူ့ဘဝ တစ်စိတ်တစ်ဒေသက လှစ်ပြနေမယ်လို့ ကျမ ယုံကြည်မိပါတယ်။

အတီးမန်းကျော်ဖေ ကောင်းရာသုဂတိ လားပါစေ။

ခိုင်မာကျော်ဇော

ဇန်နဝါရီ ၂၂၊ ၂၀၁၉

(၂၀၁၉ ဇန်နဝါရီလထုတ် ကရင်သတင်းစဉ်)




ဖော့ကော်ကေ စာပေအင်အားစု(ဝင်းရော်ဒေသ) က အခမဲ့ဖြန့်ချီသည်။

